# စကားပြောစာသား

## 1　おはようございます

**[01-1]**

မင်္ဂလာနံနက်ခင်းပါ။

**[01-2]**

မင်္ဂလာနေ့လယ်ခင်းပါ။

**[01-3]**

မင်္ဂလာညနေခင်းပါ။

**[01-4]**

ကောင်းစွာအိပ်စက်အနားယူပါ။

**[01-5]**

စားပါတော့မယ်။

**[01-6]**

ကျွေးမွေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

## 2　いってらっしゃい

**[02-1]**

အိမ်ရှင်မိသားစု : ကောင်းကောင်းသွားပါ။

သင် : သွားလိုက်ပါဦးမယ်။

**[02-2]**

အိမ်ရှင်မိသားစု : ပြန်လာပြီလား။

သင် : ပြန်ရောက်ပါပြီ။

**[02-3]**

ကုမ္ပဏီမှလူ : အရင်သွားခွင့်ပြုပါဦး။

သင် : ပင်ပန်းသွားပါပြီ။

**[02-4]**

သူငယ်ချင်း : ကြိုဆိုပါတယ်။

သင် : ဝင်ခွင့်ပြုပါ။

## 3　遅くなってごめん

**[03-1]**

သူငယ်ချင်း : ဟုတ်၊ ဒီဟာ၊ လက်ဆောင်ပါ။

သင် : ဝါး၊ ကျေးဇူးပါ။

**[03-2]**

အဘွား : အကူအညီဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

သင် : မဟုတ်တာ၊ ရပါတယ်။

**[03-3]**

အမျိုးသားတစ်ဦး : နာလိုက်တာ။

သင် : တောင်းပန်ပါတယ်။

**[03-4]**

သူငယ်ချင်း : နောက်ကျသွားတဲ့အတွက် တောင်းပန်ပါတယ်။

သင် : ဟင့်အင်း၊ ကိစ္စမရှိပါဘူး။

## 4　いい天気ですね

**[04-1]**

အိမ်နီးချင်း : မင်္ဂလာနံနက်ခင်းပါ။ အခုတလော အေးတယ်နော်။

သင် : ဟုတ်တယ်နော်။

**[04-2]**

အိမ်နီးချင်း : အာ၊ မင်္ဂလာနေ့လယ်ခင်းပါ။ ဒီနေ့ ရာသီဥတု ကောင်းတယ်နော်။

သင် : ဟုတ်တယ်နော်။

**[04-3]**

အိမ်နီးချင်း : နေ့တိုင်း အလွန် ပူတယ်နော်။

သင် : အင်း၊ တကယ်ပဲနော်။

**[04-4]**

အိမ်နီးချင်း : အာ၊ ကျေးဇူးပါ။ ဒီနေ့ လေပြင်းတယ်နော်။

သင် : အင်း၊ ဟုတ်တယ်နော်။

**[04-5]**

အိမ်နီးချင်း : စိတ်ရှုပ်စရာကြီး... ဒီနေ့ မိုးတော်တော်ပြင်းတာပဲနော်။

သင် : ဟုတ်ပါ့၊ တကယ်ပဲ။

**[04-6]**

အိမ်နီးချင်း : အခုတလော အေးလာပြီနော်။

သင် : အင်း၊ ဆောင်းဦး ရောက်လာပြီနော်။

## 5　読んでください

**[05-1]**

ဆရာ : နားထောင်ကြပါ။

**[05-2]**

ဆရာ : ကြည့်ပါ။

**[05-3]**

ဆရာ : ဖတ်ပါ။

**[05-4]**

ဆရာ : ရေးပါ။

**[05-5]**

ဆရာ : ပြောပါ။

**[05-6]**

ဆရာ : အတွဲလိုက် စကားပြောပါ။

## 6　ベトナムから来ました

**[06-1]**

လင်း : အားလုံးပဲ၊ တွေ့ရတာဝမ်းသာပါတယ်။ လင်း ပါ။

ဗီယက်နမ်ကနေ လာခဲ့တာပါ။ ရင်းရင်းနှီးနှီးဆက်ဆံပေးပါ။

**[06-2]**

ဂျွန် : ကင်မ်ဂျွန်ဟိုပါ။ ဂျွန်လို့ ခေါ်ပါ။

မွေးရပ်မြေက ကိုရီးယားပါ။ မနှစ်က ဂျပန်ကို လာခဲ့တာပါ။ ရင်းရင်းနှီးနှီးဆက်ဆံပေးပါ။

**[06-3]**

တပါ့ : တွေ့ရတာဝမ်းသာပါတယ်။ တပါ့လို့ ခေါ်ပါတယ်။

နီပေါကနေ လာခဲ့တာပါ။ ရင်းရင်းနှီးနှီးဆက်ဆံပေးပါ။

**[06-4]**

အာ့ရိစု : တွေ့ရတာ ဝမ်းသာပါတယ်။ အာ့ရိစုပါ။

အဖေနဲ့အမေရဲ့ မွေးရပ်မြေက အိန္ဒိယနိုင်ငံ ဖြစ်ပေမယ့် ကျွန်ုပ်က ဩစတေးလျမှာ မွေးတာဖြစ်ပါတယ်။

## 7　店長をしています

**[07-1]**

သင် : လင်း၊ အလုပ်အကိုင်က ဘာလဲ။

လင်း : ကျွန်ုပ်က စားသောက်ဆိုင်မှာ အလုပ်လုပ်နေပါတယ်။ ၁၅နှစ်လောက်တောင် ရှိပြီ။ အခု ဆိုင်မန်နေဂျာ လုပ်နေပါတယ်။

**[07-2]**

သင် : အာ့ရိစုက ဘယ်လို အလုပ်မျိုးကို လုပ်နေတာလဲ။

အာ့ရိစု : ကျွန်ုပ်က ဟို.. မူလတန်းကျောင်းမှာ အင်္ဂလိပ်ဘာသာစကားကို သင်ပေးနေပါတယ်။

**[07-3]**

သင် : ဂျွန်ကရော

ဂျွန် : ကျွန်တော်က အခုမှ တက္ကသိုလ်ကျောင်းသားပါ။ စက်မှုပညာရပ်ဌာန တတိယနှစ် ကျောင်းသားပါ။

**[07-4]**

သင် : တပါ့က ဘာအလုပ်လုပ်နေလဲ။

တပါ့ : မော်တော်ကား အင်ဂျင်နီယာ လုပ်နေပါတယ်။

## 8　おいくつですか

**[08-1]**

သင် : ချစ်ဖို့ကောင်းတဲ့ ကလေးလေးပဲနော်။ အသက်ဘယ်လောက်လဲ။

အိမ်နီးချင်း : ၅နှစ်ပါ။

**[08-2]**

ကုမ္ပဏီမှလူ : ဒီနေ့က အိမ်မွေးတိရစ္ဆာန် ကြောင်လေးရဲ့မွေးနေ့ပါ။

သင် : ဝါး ဂုဏ်ယူပါတယ်။ ဘယ်နှနှစ် ရှိပြီလဲ။

ကုမ္ပဏီမှလူ : ၃နှစ်ပါ။

**[08-3]**

သင် : သားက အခု တက္ကသိုလ်ကျောင်းသားလား။

ကုမ္ပဏီမှလူ : ဟင့်အင်း၊ ကုမ္ပဏီဝန်ထမ်းတောင်ဖြစ်နေပြီ။ ၂၇ နှစ်ရှိပြီလေ။

**[08-4]**

သင်  : သမီးလေးက အသက် ဘယ်နှနှစ် ရှိပြီလဲ။

ကုမ္ပဏီမှလူ : အခု အသက် ၂၀ ရှိပါပြီ။

**[08-5]**

သင် : အဖေ နေကောင်းလား။

ကုမ္ပဏီမှလူ : ဟုတ်ကဲ့၊ နေကောင်းပါတယ်။ ဒီနှစ် အသက် ၆၀ ပြည့်ပါပြီ။

## 9　誕生日はいつですか

**[09-1]**

သင် : ရှောတ၊ မွေးနေ့က ဘယ်တော့လဲ။

ရှောတ : ၁၂ လပိုင်း ၂ ရက်နေ့ပါ။

**[09-2]**

သင် : ဆရာ၊ စာမေးပွဲက ဘယ်တော့လဲ။

ဆရာ : ၂လပိုင်း ၁ရက်နေ့ပါ။

**[09-3]**

ဆရာ : အားလုံးပဲ အိမ်စာက ၄လပိုင်း ၉ရက်နေ့ အထိပဲနော်။

**[09-4]**

သင် : တန်း၊ မကြာမီ နွေရာသီပိတ်ရက် ရောက်တော့မယ်နော်။ ဘယ်တော့ နိုင်ငံ ပြန်မှာလဲ။

တန်း : ၇လပိုင်း ၂၄ ရက်နေ့ ပြန်မှာပါ။

**[09-5]**

သင် : တာကဟာ့ရှိ၊ အလုပ်ခရီးက ဘယ်တော့ စသွားရမှာလဲ။

တာကဟာ့ရှိ : ၉လပိုင်း ၂၀ ရက်နေ့က စပြီး ဖြစ်ပါတယ်။

## 10　妹のあかりです

**[10-1]**

အုအဲဒ : ဒီဟာက အဖေပါ။

**[10-2]**

အုအဲဒ : ဒီဟာက အမေပါ။

**[10-3]**

သင် : ဒီလူက……

အုအဲဒ : အကိုပါ။ ကျွန်တော့်ထက် ၂ နှစ် ကြီးပါတယ်။

**[10-4]**

သင် : ဒီလူက……

အုအဲဒ : အမ ဖြစ်တဲ့ အာကရိ ပါ။

## 11　いくらですか

**[11-1]**

သင် : ဒီဦးထုပ် ချစ်စရာကောင်းလိုက်တာ။ ဘယ်လောက်လဲ။

ဆိုင်ရှင် : ယန်း ၄၀၀၀ ပါ။

သင် : ဟုတ်လား။ အာ၊ ဟိုအိတ်ကရော

ဆိုင်ရှင် : ၆၈၀၀ ယန်းပါ။

သင် : ဟုတ်လား။

**[11-2]**

သင် : ဒီတီရှပ်လေးလည်း ကောင်းသားပဲနော်။ ......ဘယ်လောက်လဲ။

ဆိုင်ရှင် : အဲ့ဒါ တကယ်က ယန်း ၁၀၀၀ ဆိုပေမယ့်......

၅၀ ရာခိုင်နှုန်း လျှော့ပြီး ယန်း ၅၀၀ တည်းနဲ့ ယူပါ။

သင် : အယ်၊ တကယ်ကြီးလား။ ဒါဆိုရင် ဒီဟာ ပေးပါ။

## 12　ばんそうこうはどこですか

**[12-1]**

သင် : ဟိုလေ တဆိတ်လောက်။

ဆိုင်ဝန်ထမ်း A : ဟုတ်ကဲ့၊ ဆိုင်မှ ကြိုဆိုပါတယ်။

သင် : ဟိုလေ အနာကပ်ပလာစတာ …… ရှိလား။

ဆိုင်ဝန်ထမ်း A : အာ၊ အနာကပ်ပလာစတာ နော်။

အနာကပ်ပလာစတာက မြေအောက် တစ်ထပ်က ဆေးဆိုင်မှာ ရှိပါတယ်။

သင် : သိပါပြီ။ ကျေးဇူးတင်ပါတယ်။

**[12-2]**

သင် : စိတ်မရှိပါနဲ့။ အနာကပ်ပလာစတာက ဘယ်နားမှာ ရှိလဲ။

ဆိုင်ဝန်ထမ်း B : အနာကပ်ပလာစတာနော်။ အနာကပ်ပလာစတာက……ဟိုးဘက်မှာပါ။ ဝင်ပေါက် အနီးမှာပါ။

သင် : အာ သိပါပြီ။ ကျေးဇူးတင်ပါတယ်။

## 13　お弁当は温めますか

**[13-1]**

သင် : ဆောင်ရွက်ပေးပါ။

ဆိုင်ဝန်ထမ်း : လက်ခံဆောင်ရွက်ပါမယ်။ ကြွပ်ကြွပ်အိတ် ယူဦးမလား။

သင် : ဟင့်အင်း၊ ကိုယ်ပိုင်အိတ် ရှိတာမို့ မလိုပါဘူး။

ဆိုင်ဝန်ထမ်း : ကျွန်မ ထည့်ပေးရမလားရှင့်။

သင် : ကိုယ့်ဘာသာပဲ ထည့်ပါမယ်။ ကျေးဇူးတင်ပါတယ်။

ဆိုင်ဝန်ထမ်း : ထမင်းဘူးက နွှေးဦးမလား။

သင် : အာ၊ လုပ်ပေးပါ။

**[13-2]**

ဆိုင်ဝန်ထမ်း : ဒီဟာက အသက် အတည်ပြုဖို့ လိုအပ်တဲ့အတွက်ကြောင့် စိတ်မရှိပါနဲ့ ကိုယ်ရေးသက်သေခံကဒ်ပြား ပြပေးလို့ရနိုင်မလား။

သင် : အာ၊ နေထိုင်ခွင့်ကဒ်ပြားဆို ရလား။

ဆိုင်ဝန်ထမ်း : ဟုတ်ကဲ့။......အတည်ပြုပြီးပါပြီ။ ကျေးဇူးတင်ပါတယ်။

စုစုပေါင်းကျသင့်ငွေ ၁၅၈၀ယန်း ဖြစ်ပါတယ်။

သင် : IC card နဲ့ ဆောင်ရွက်ပေးပါ။

ဆိုင်ဝန်ထမ်း : ဒါဆိုရင် ဒီနေရာကို ထိပေးပါ။

## 14　ポイントアプリはお持ちですか

**[14-1]**

ဆိုင်ဝန်ထမ်း : ဝယ်သူရှင့် ပွိုင့် စုသည့် အက်ပလီကေးရှင်း ရှိပါသလား။

သင် : ဟင့်အင်း မရှိပါဘူး။

ဆိုင်ဝန်ထမ်း : အက်ပလီကေးရှင်းကို အသုံးပြုပါက ယန်း၁၀၀ ဖိုး ဝယ်ယူတိုင်း ၁ ပွိုင့် စုလို့ရပါတယ်။

သင် : ဟယ်

ဆိုင်ဝန်ထမ်း : စုထားတဲ့ ပွိုင့်တွေက ၁ ပွိုင့်ကို ၁ယန်း အနေနဲ့ နောက်အကြိမ်ကစပြီး ဈေးဝယ်ရင် အသုံးပြုလို့ရပါတယ်။

သင် : အဲ့လိုလား။

**[14-2]**

ဆိုင်ဝန်ထမ်း : အသုံးပြုရန်အတွက် အက်ပလီကေးရှင်းကို ဒေါင်းလုတ်လုပ်ပြီးရင် မေးလ်လိပ်စာနှင့် နာမည်ကို စာရင်းသွင်းဖို့ လိုအပ်ပါတယ်။

သင် : ဟုတ်လား။ ဒါပေမယ့် ဟိုလေ ဒီနေ့က အချိန်မရှိတဲ့အတွက် တော်ပါပြီ။

## 15　あちらの試着室へどうぞ

**[15-1]**

ဆိုင်ဝန်ထမ်း : ဝယ်သူခင်ဗျာ ဘာများ ကူညီဆောင်ရွက်ပေးရမလဲ။

သင် : ဟိုလေ စမ်းဝတ်ကြည့်လို့ရမလား။

**[15-2]**

ဆိုင်ဝန်ထမ်း : ဟုတ်ကဲ့၊ နားလည်ပါပြီ။ ပစ္စည်းက ဘယ်နှခုပါလဲ။

သင် : ၂ခုပါ။

ဆိုင်ဝန်ထမ်း : ဒါဆိုရင် ဟိုးဘက်က အဝတ်စမ်းဝတ်ခန်းထဲသို့ ကြွပါ။ ဒီ မျက်နှာအဖုံးကို အသုံးပြုပါ။

အခု အတွင်းအကျဆုံး အခန်းက လွတ်နေပါတယ်။ ဖိနပ်ချွတ်ပြီး အထဲသို့ဝင်ပါ။

သင် : ကောင်းပါပြီ။

## 16　美容院に行い きます

**[16-1]**

သင် : အာ လီဆာ ပင်ပန်းသွားပြီ။

ဟိုဟာလေ မနက်ဖြန် စနေနေ့ စာကြည့်တိုက်မှာ အတူတူ အိမ်စာလုပ်ကြမလား။

လီဆာ : မနက်ဖြန်လား။ ကောင်းသားပဲနော်။ နည်းနည်းကိစ္စလေးရှိလို့ ......

သင် : ဟုတ်လား။ ဘာလုပ်ဖို့လဲ။

လီဆာ : မနက်ပိုင်းက အလှပြင်ဆိုင်သွားမယ်။ ၁၀ နာရီကနေစပြီး ဘိုကင်ယူထားလို့။

နေ့လယ်ကျရင် သူငယ်ချင်းနှင့် ထမင်းစားပြီး အဲ့ဒီနောက် ဈေးဝယ်ထွက်မယ်။

**[16-2]**

သင် : အယ်၊ ဒါဆိုရင် မအားဘူးပေါ့နော်။

လီဆာ : အာ၊ ဒါပေမယ့် ဈေးဝယ်ပြီးသွားရင် ၄ နာရီကနေ စပြီး အားပြီ။

သင် : အယ်၊ ဒါပေမယ့် အလုပ်များနေတယ်မလား။

လီဆာ : ဟင့်အင်း၊ အဆင်ပြေပါတယ်။ ငါလည်း အတူတူ အိမ်စာလုပ်ချင်တာမို့ ၂နာရီကြာလောက် စာလုပ်ကြရအောင်။

## 17　土曜日にバイトがあります

**[17-1]**

လန်း : ဟယ်လို

သင် : ဟယ်လို။ လန်းရေ အခု ဖုန်းပြောလို့ ရလား။

လန်း : ရပါတယ်။ ဘယ်လိုဖြစ်လို့လဲ။

သင် : ဟိုလေ အရင်တုန်းက ကာရာအိုကေ သွားချင်တယ်လို့ ပြောဖူးတယ် မလား။

လန်း : အား၊ မှတ်မိတယ်။

သင် : နောက်အပတ် ဘယ်လိုလဲ။

လန်း : နောက်အပတ်လား။ ကောင်းသားပဲနော်။

နောက်အပတ်ဆိုရင် အဲ... တနင်္လာနေ့နဲ့ ဗုဒ္ဓဟူးနေ့နဲ့ စနေနေ့က အချိန်ပိုင်းအလုပ် ရှိတယ်။

အင်္ဂါနေ့နဲ့ ကြာသပတေးနေ့ကတော့ တခြား အစီအစဉ် ရှိပေမယ့်.... တနင်္ဂနွေနေ့ကတော့....အားပါတယ်။

အာ၊ ပြီးတော့ သောကြာနေ့လည်း ရတယ်။

**[17-2]**

သင် : အိုကေ။ နားလည်ပြီ။

အာ၊ လန်း၊ ဟိုကာရာအိုကေဆိုင် ဘယ်အချိန်က ဈေးသက်သာတာလဲ။

လန်း : အဲ....တနင်္လာနေ့နဲ့ ကြာသပတေးနေ့က နည်းနည်း ဈေးသက်သာတယ်။

စနေနေ့က ကြားရက်ထက် ပိုဈေးကြီးတယ်။

သင် : ကောင်းပြီ။ ဒါဆိုရင် သောကြာနေ့ သွားကြရအောင်။

## 18　明日の待ち合わせなんだけど…

**[18-1]**

လန်း : ဟယ်လို။ လန်းပါ။

သင် : ဟယ်လို။ လန်း၊ အခု ဖုန်းပြောလို့ရလား။

လန်း : ရပါတယ်။

သင် : မနက်ဖြန် ကာရာအိုကေဆိုင်ကို ချိန်းထားတာလေ.... ဘယ်လိုလုပ်ကြမလဲ။

**[18-2]**

လန်း : ဟုတ်သားပဲနော်......

ဘူတာမှာ ဆုံပြီးတော့ အဲ့ကနေ အတူတူ ဆိုင်ကို သွားကြမယ်လေ။

အဲ.....ကာရာအိုကေက ၁၁ နာရီကနေ စမှာဆိုတော့ ၁၅ မိနစ်အလို ယာမခါ့ဝဘူတာမှာ ဆုံလို့ရလား။

သင် : ဟုတ်၊ အဲ့လိုပဲ လုပ်ကြရအောင်။

## 19　遅くなりそう

**[19-1]**

သင် : ဟယ်လို။

တနက : ဟယ်လို၊ အာ့နီတလား

သင် : ဟုတ်ပါတယ်။ တနက၊ ဘာဖြစ်လို့လဲ။

တနက : တောင်းပန်ပါတယ်။ အခုမှ နိုးလို့။

မြန်မြန် ပြင်ဆင်မှာဆိုပေမယ့် အစီအစဉ်ထက် ၁၅ မိနစ်လောက် နောက်ကျလို့မ်မယ်။ တကယ် တောင်းပန်ပါတယ်။

သင် : အာ တကယ်လား။ နားလည်ပြီ။ ငါလည်း အခုမှ အိမ်မှာပဲ ရှိနေသေးတာမို့ အဆင်ပြေပါတယ်။

**[19-2]**

သင် : ဟယ်လို။

တနက : အာ့နီတ၊ တကယ်ကို တောင်းပန်ပါတယ်။

သင် : အာ၊ ဟုတ်။ ဘယ်လိုဖြစ်လို့လဲ။

တနက : အခု ဘူတာ ရောက်နေပြီ ဆိုပေမယ့် ရထား အချိန်ဇယားတွေက ကမောက်ကမဖြစ်နေပုံပဲ ပိုနောက်ကျမယ့်ပုံပဲ။

သင် : အာ... အဲ့ဒါဆို ဒုက္ခပဲနော်။

တနက : အခု ၁၀ နာရီ ၅ မိနစ်ဆိုတော့...... နောက်ထပ် မိနစ် ၂၀ လောက်မှ ရောက်လောက်မလားမသိဘူး။ တကယ်ကို တောင်းပန်ပါတယ်။

သင် : နားလည်ပါပြီ။ ဂရုစိုက်ပြီးလာခဲ့နော်။

## 20　休みはどこか行くんですか

**[20-1]**

သင် :  တကယ် ဒီနေ့လည်း အေးလိုက်တာနော်......

ယာမမိုတိုက နှစ်သစ်ကူးပိတ်ရက်မှာ တနေရာရာသွားဖို့ အစီအစဉ်ရှိလား။

ယာမမိုတို : နှစ်သစ်ကူးပိတ်ရက်လား။ အဲ... ဟိုကိုင်းဒိုး သွားမယ်လို့ တွေးထားတယ်။

စကီ စီးလိုက် နှင်းတွေနဲ့ ဆော့လိုက် လုပ်ချင်လိုက်တာလို့ တွေးပြီးတော့

တိရစ္ဆာန်ရုံလည်း သွားပြီးတော့ ချစ်စရာကောင်းတဲ့ တိရစ္ဆာန်လေးတွေကို အများကြီး ကြည့်ချင်တယ်။

သင် : ဟယ်၊ ကောင်းလိုက်တာနော်။ ဟိုကိုင်းဒိုးက ပထမဦးဆုံးလား။

ယာမမိုတို : အင်း၊ ပထမဆုံးမို့ အရမ်းကို မျှော်လင့်နေတယ်။

**[20-2]**

ယာမမိုတို : နာတရီရော နှစ်သစ်ကူးပိတ်ရက်က တနေရာရာ သွားမှာလား။

သင် : ဟင့်အင်း၊ အိမ်မှာပဲ အေးအေးဆေးဆေး နားမယ်။

## 21　お持ち帰りですか

**[21-1]**

ဆိုင်ဝန်ထမ်း : ဆိုင်မှ ကြိုဆိုပါတယ်။

ပါဆယ်လား။ ဆိုင်ထဲမှာ သုံးဆောင်မလား။

သင် : အာ၊ ဆိုင်ထဲမှာပါ။

**[21-2]**

ဆိုင်ဝန်ထမ်း : ဆိုင်ထဲမှာနော်။ အော်ဒါမမှာခင် ထိုင်ခုံနေရာ ကြိုယူထားဖို့ မေတ္တာရပ်ခံထားပါတယ်။

ထိုင်ခုံနေရာ သတ်မှတ်ပြီးသွားပြီလားခင်ဗျ။

သင် : မလုပ်ရသေးပါဘူး။

ဆိုင်ဝန်ထမ်း : ဒါဆိုရင် အရင်ဆုံး ထိုင်ခုံနေရာလေး ယူပေးပါ။
သင် : နားလည်ပါပြီ။

## 22　おなかいっぱいだから…

**[22-1]**

သင် : ဟား... အရသာရှိလိုက်တာနော်။

ယူးတို : အွန်း၊ တကယ်နော်။ အားလုံး အရသာရှိတယ်။

အချိုပွဲ ဘယ်လိုလုပ်ကြမလဲ။ စားမလား။

**[22-2]**

သင် : ဘယ်လိုလုပ်ရမလဲ……။ ယူးတိုရော စားမလား။

ယူးတို : အင်း၊ စားကြမလား။ ယန်မုရော

သင် : ဗိုက်ပြည့်နေပြီဆိုတော့ ကျွန်မကတော့ တော်ပါပြီ။

## 23　大阪ジュースって…？

**[23-1]**

ဆိုင်ဝန်ထမ်း : ဆိုင်မှကြိုဆိုပါတယ်။ မီနူးက ဒီမှာပါ။ ဘာမှာမလဲခင်ဗျ။

သင် : အဲ....ဟိုလေ...တဆိတ်လောက်။ ဒီ အိုဆာကာအအေး ဆိုတာ ဘာလဲ။

**[23-2]**

ဆိုင်ဝန်ထမ်း : ဒီဟာက အိုဆာကာရဲ့နာမည်ကြီး အအေးပါ။ နွားနို့နဲ့ ငှက်ပျောသီး၊ လိမ္မော်သီးတွေ ပါဝင်ပါတယ်။

သင် : ပန်းသီးရော ပါလား။

ဆိုင်ဝန်ထမ်း : ဟင့်အင်း၊ ပန်းသီးတော့ မပါပါဘူး။

## 24　予約したいんですが…

**[24-1]**

ဆိုင်ဝန်ထမ်း : ဟုတ်ကဲ့ ဟိရိုတဆူရှီဆိုင်ကပါ။

သင် : ဟိုလေ...ဘိုကင်လုပ်ချင်လို့ပါ....

ဆိုင်ဝန်ထမ်း : ဟုတ်ကဲ့။ ဘယ်အချိန် ဘိုကင်လုပ်ချင်တာလဲ။

သင် : နောက်အပတ် စနေနေ့ ၁၂ နာရီကနေ ၂ယောက်စာ ဘိုကင်လုပ်ချင်လို့ပါ။

ဆိုင်ဝန်ထမ်း : ဟုတ်ကဲ့၊ စစ်ဆေးကြည့်ပါမယ်။ ခဏလောက် စောင့်ပေးပါ။

……စောင့်ခိုင်းရတာ အားနာပါတယ်။ တောင်းပန်ပါတယ်။ အဲ့ဒီအချိန်က ခုံအပြည့်ဖြစ်နေလို့ပါ……

၁၁ နာရီ သို့မဟုတ် ၁၃ နာရီကနေဆိုရင် ၂ ယောက်စာ နေရာ ပြင်ဆင်ပေးလို့ရပါတယ်။

၁၁နာရီက ကြမ်းပြင်ပေါ်ထိုင်ရတဲ့ ဂျပန်စတိုင်ထိုင်ခုံနဲ့ ကောင်တာထိုင်ခုံ၊ ၁၃နာရီက ကောင်တာထိုင်ခုံကို ဘိုကင်ယူလို့ရပါတယ်။

**[24-2]**

သင် : ဒါဆိုရင် ၁၁ နာရီမှာ ဂျပန်စတိုင်ထိုင်ခုံကို ဆောင်ရွက်ပေးပါ။

ဆိုင်ဝန်ထမ်း : နားလည်ပါပြီ။ ဒါဆိုရင် နာမည်နဲ့ ဖုန်းနံပါတ်လေး ပြောပေးပါ။

သင် : နီကိုရုပါ။ ဖုန်းနံပါတ်က 090-123-4567 ပါ။

ဆိုင်ဝန်ထမ်း : ဟုတ်ကဲ့။ ဒါဆိုရင် ဘိုကင်လက်ခံလိုက်ပါပြီ။

ဘိုကင်ဖျက်သိမ်းလိုပါက ဘိုကင်ရက် မတိုင်ခင် တစ်ရက်အလို နောက်ဆုံးထားပြီး ဖုန်းဖြင့် အကြောင်းကြားပေးပါ။

## 25　スープは、どう？

**[25-1]**

သင် : ဒီ ဆူရှီ အရသာရှိလိုက်တာ။

ဟိနချန် ဆူရှီ ကြိုက်တယ်မလား။ စားကြည့်ပါဦး။

ဟိန : အဲ... အရသာရှိမယ့်ပုံလေး။ ပြီးမှ စားကြည့်မလို့။

အာ၊ ဒီအရွက်သုပ်လည်း အရသာရှိတယ်။ အရွက်သုပ်ဆော့စ်က နည်းနည်း ချဉ်ချဉ်လေး

သင် : ဟယ်၊ နည်းနည်း စားကြည့်မယ်......အာ၊ ဟုတ်သားပဲ။ အရသာရှိလိုက်တာ။

ဒီစွပ်ပြုတ်ရော ဘယ်လိုလဲ။

ဟိန : အင်း.... ငန်ပြီးတော့ ကျွန်မအတွက်ကတော့ နည်းနည်း.....

သင် : အဲ...ဟုတ်သားပဲနော်။ အရသာရှိမယ့်ပုံပေါက်ပေမယ့်.....

**[25-2]**

သင် : ဟယ်။ ဟိနချန် အချိုပွဲတောင် စားနေပြီလား။

ဟိန : အင်း။ ဒီကွတ်ကီး သိပ်မချိုဘူး။ နည်းနည်း ခါးသက်သက်လေးနဲ့ လူကြီးတွေ အကြိုက်
အရသာမျိုး အရသာရှိတယ်လေ။

## 26　右にまっすぐ行ってください

**[26-1]**

သင် : ဟိုလေ တိုကျိုစီးတီး အနုပညာပြတိုက်ကို သွားချင်လို့ပါ။

ဘူတာဝန်ထမ်း : တိုကျိုစီးတီး အနုပညာပြတိုက်နော်။

အနုပညာပြတိုက်က ထွက်ပေါက် နံပါတ် ၄ ဖြစ်တဲ့အတွက်ကြောင့် လက်မှတ်ဖြတ်ပေါက်က ထွက်ပြီး ညာဘက်ကို တန်းတန်းသွားလိုက်ပါ။

သင် : ညာဘက် တည့်တည့်နော်။

ဘူတာဝန်ထမ်း : ဟုတ်ပါတယ် ပြီးရင် လမ်းဆုံးရောက်ရင် ညာဘက်သို့ ကွေ့ရပါမယ်။

အဲ့အတိုင်း ဆက်သွားရင် စက်လှေကား ရှိပါတယ်။

စက်လှေကားကနေ တက်သွားရင် နံပါတ် ၄ ထွက်ပေါက် ဖြစ်ပါတယ်။

**[26-2]**

ဘူတာဝန်ထမ်း : ထွက်ပေါက်ကနေ ထွက်လိုက်တာနဲ့ မျက်စိရှေ့မှာ ကြီးမားတဲ့ လူကူးမျဉ်းကြားကြီး ရှိတာမို့ ဖြတ်ကူးလိုက်ပါ။

သင် : လူကူးမျဉ်းကြားကို ဖြတ်ကူးရမှာနော်။

ဘူတာဝန်ထမ်း : ဟုတ်ပါတယ်။ ဖြတ်ပြီးသွားရင် ဘယ်ဘက် တည့်တည့်ကြီး လျှောက်သွားပါ။

နှစ်ခုမြောက် လမ်းထောင့်ကို ညာကွေ့လိုက်ပြီး နည်းနည်း ဆက်လျှောက်လိုက်ရင် ညာဘက်ခြမ်းမှာ အနုပညာပြတိုက် ရှိပါတယ်။

## 27　まもなく黒川です

**[27-1]**

ကြေငြာချက်  ： ဒီရထားသည် နီရှိဟာ့ရကိုသွားသည့် အမြန်ရထား ဖြစ်ပါသည်။

မကြာမီ၊ ခုရိုခါ့ဝ၊ ခုရိုခါ့ဝ ဖြစ်ပါသည်။ ထွက်ပေါက်က ဘယ်ဘက်အခြမ်း ဖြစ်ပါသည်။

**[27-2]**

ကြေငြာချက်  ：  မကြာမီ၊ ခုရိုခါ့ဝ၊ ခုရိုခါ့ဝ။ ထွက်ပေါက်က ဘယ်ဘက်အခြမ်း ဖြစ်ပါသည်။

မြေအောက်ရထားလိုင်း၊ မိုနိုရေးလိုင်းများသို့ ပြောင်းစီးနိုင်ပါသည်။

ခုရိုခါ့ဝ၏ နောက်တွင် ဂိတ်ဆုံးဘူတာ အအိုဘတွင် ရပ်ပါမည်။

တာကဒါ့၊ ရှီယအိရှိ တွင် မရပ်သည့်အတွက်ကြောင့် သတိပြုပါ။

## 28　コンビニの前にいるよ

**[28-1]**

သင်  : အာ၊ ဟယ်လို။ ယူအိချန်လား။ အခု ဘယ်မှာလဲ။

ယူအိ : အာ၊ အခုပဲ ရောက်ပြီလေ။ စတိုးဆိုင် အရှေ့မှာ ရှိတယ်လေ။

သင် : အယ်။ ဟုတ်လား။ ကျွန်တော်လည်း စတိုးဆိုင် အရှေ့မှာပဲ……

ယူအိ : ဟုတ်လား။ အဲ... ဘူတာအထဲမှာလည်း အရောင်းဆိုင် ရှိပေမယ့် အဲ့နေရာ မဟုတ်ပဲ ဘူတာ အပြင်ဘက်က စတိုးဆိုင်ပါနော်။

သင် : အင်း။ အနားမှာ စာအုပ်ဆိုင် ရှိတယ်ဟုတ်။

ယူအိ : အယ်၊ စာအုပ်ဆိုင်လား။ စာအုပ်ဆိုင် မရှိပါဘူး။ ဘဏ်ဆိုရင်တော့ ရှိပေမယ့်။

**[28-2]**

သင် : ဘဏ်……။ အာ၊ သိပြီ။ အဲ့ဒါ မြောက်ဘက်ထွက်ပေါက်က စတိုးဆိုင်ပဲ။

ယူအိချိန်၊ ချိန်ထားတာက ဒီဘက်မှာ။ တောင်ဘက်ထွက်ပေါက်က စတိုးဆိုင်လေ။

သူငယ်ချင်း : အယ်။ တောင်းပန်ပါတယ်။ ချက်ချင်းလာခဲ့မယ်။ စောင့်နေနော်။

## 29　電車がぜんぶ止まっているそうです

**[29-1]**

ကြေငြာချက် : ယခု အရှေ့တွင် ပြေးဆွဲနေသော ရထားသည် ရထားတွဲများ စစ်ဆေးရန်အတွက် ရထားအားလုံး ပြေးဆွဲခြင်းကို ယာယီ ရပ်နားထားပါသည်။ ပြန်လည် ပြေးဆွဲမည့်အချိန်များကို မသတ်မှတ်ရသေးပါ။

သင် : ဟိုလေ၊ တဆိတ်လောက်။ အခု ဘာပြောသွားတာလဲ။ သေချာမကြားလိုက်လို့ပါ......

ဘေးနားကလူ : အာ၊ ကြေငြာချက်လား။

ရှေ့ရထားမှာ တခုခုဖြစ်လို့ ရထား အားလုံး ရပ်နေတယ်တဲ့။

သင် : အယ် ဟုတ်လား။ ဒါဆိုရင် ဘယ်တော့ ပြန်ထွက်မှာလဲ။

ဘေးနားကလူ : မသိရသေးဘူးတဲ့။

သင် : ဟုတ်လား။

**[29-2]**

ကြေငြာချက် : မီးပွိုင့်က အစိမ်းရောင်ပြောင်းလျှင် ပြန်လည် ပြေးဆွဲပါမည်။

ယနေ့ ဒီရထားက နောက်ဘူတာမှာ ပြေးဆွဲခြင်းကို ရပ်နားပါမည်။

မိုရိခါ့ဝဘူတာဘက်သို့ အလျင်လိုသူများက နောက်ဘူတာတွင် မြေအောက်ရထား နန်းဟိုခုလိုင်းသို့ ပြောင်းစီးပါ။

သင် : ဟိုလေ၊ တဆိတ်လောက်။ အခုဟာက။

ဘေးနားကလူ : အာ၊ ဒီရထား နောက်ဘူတာအထိကလွဲပြီး မသွားဘူးတဲ့လေ။

ဒါကြောင့်မို့ မိုရိခါ့ဝဘူတာကို သွားမယ်ဆိုရင် နောက်ဘူတာမှာ ဆင်းပြီး မြေအောက်ရထား နန်းဟိုခုခိုင်းကို ပြောင်းစီးတာကောင်းမယ်။

သင် : ဟုတ်လား။ ကျေးဇူးတင်ပါတယ်။

## 30　お客さん、どちらまで？

**[30-1]**

ယာဉ်မောင်း : ညေ့သည် ခင်ဗျ၊ ဘယ်အထိ ပို့ပေးရပါမလဲ။

သင် : ဘူတာအထိ ပို့ပေးပါ။

**[30-2]**

ယာဉ်မောင်း : မကြာမီ ဘူတာ ရောက်ပါတော့မယ်။ ကားတွေ အများကြီးပဲနော်။ ဘယ်နားမှာ ရပ်ပေးရမလဲ။

သင် : အာ၊ ဟုတ်သားပဲနော်။ ဘတ်စ်ကားမှတ်တိုင်ရှေ့ဆိုလည်း ရပါတယ်။

ယာဉ်မောင်း : စိတ်မရှိပါနဲ့၊ ဘတ်စ်ကားမှတ်တိုင်ရှေ့မှာ ရပ်လို့မရလို့ပါ။

သင် : အာ၊ ဟုတ်လား။ ဒါဆိုရင် အဲ့ထောင့်နားမှာပဲ။

ယာဉ်မောင်း : အဲ့နေရာလည်း မရဘူး။ ဟိုးကပန်းဆိုင်ရှေ့ဆိုရင်ရော ရလား။ အဲ့နေရာဆိုရင် ရပ်လို့ရတယ်။

သင် :  ဒါဆိုရင်၊ အဲ့မှာပဲ။

## 31　ちょっと忙しいけど、元気だよ

**[31-1]**

သင် : မာရီယာ၊ မတွေ့ရတာကြာပြီ။

မာရီယာ : အာ၊ အာနာ့စု။ တကယ်ပဲ မတွေ့ရတာကြာပြီ။ နေကောင်းလား။

သင် : အင်း။ ကျေးဇူးကြောင့် နေကောင်းပါတယ်။

**[31-2]**

သင် : မာရီယာရော နေကောင်းလား။

မာရီယာ : အင်း။ နည်းနည်း အလုပ်များပေမယ့် နေကောင်းပါတယ်။

သင် : ဟုတ်လား။ အလုပ်တွေများနေတာလား။

မာရီယာ : အင်း။ ဟိုတယ်ရဲ့ ဧည့်ကြိုကောင်တာမှာ အလုပ်လုပ်နေပေမယ့် နွေရာသီပိတ်ရက်မှာ ဧည့်သည်တွေ များလို့......။ နေ့တိုင်း အလုပ်တွေများနေတယ်လေ။

သင် : ဟယ်၊ ပင်ပန်းမှာပဲနော်။

မာရီယာ : အင်း။ ဒါပေမယ့် နိုင်ငံအမျိုးမျိုးက ဧည့်သည်တွေနှင့် စကားပြောလို့ရတာကြောင့် ပျော်စရာကောင်းတယ်။

ဂျပန်စာရော အင်္ဂလိပ်စာရော အသုံးပြုရတဲ့အပြင် လေ့လာစရာလည်း ရတယ်။

သင် : ကောင်းသားပဲနော်။ မာရီယာနှင့် ကွက်တိသင့်တော်တဲ့ အလုပ်ပဲနော်။

## 32　週末何してるの？

**[32-1]**

သူငယ်ချင်း : ပိတ်ရက်တုန်းက တင်းနစ် ကစားခဲ့တယ်။ အဲ့ဒါကြောင့် ပခုံးက နည်းနည်း နာနေလို့ ……။

သင် : ဟုတ်လား။ မကြာခဏ တင်းနစ် ကစားတာလား။

သူငယ်ချင်း : ဟင့်အင်း။ အားကစားလုပ်ရတာ သိပ်မကြိုက်လို့……။ ဒါပေမယ့် သူငယ်ချင်းနဲ့အတူမို့။

သင် : အဲ့လိုကိုး။ ပုံမှန်က ပိတ်ရက်တွေမှာ ဘာလုပ်လေ့ရှိလဲ။

သူငယ်ချင်း : အင်း ကျွန်မက ဟင်းချက်ရတာ ဝါသနာပါတယ်။ အမြဲတမ်း နိုင်ငံအမျိုးမျိုးက ဟင်းလျာတွေကို ချက်ပြုတ်တယ်။ ပြီးတော့ ရုပ်ရှင်လည်း မကြာခဏ ကြည့်ဖြစ်တယ်။

သင် : ဟယ်၊ ကျွန်တော်လည်း ရုပ်ရှင် ကြည့်ရတာ ကြိုက်တယ်။

**[32-2]**

သင် : ဘယ်လိုရုပ်ရှင်မျိုး ကြိုက်လဲ။

သူငယ်ချင်း : SF တို့ ဟာသတို့ ဘာမဆို ကြိုက်တယ်။

အာ၊ ဒါပေမယ့် သရဲကားတော့ လုံးဝ မကြည့်ဘူး။ ကြောက်ဖို့ကောင်းတဲ့ဟာတွေ မကြိုက်လို့……

သင် : အား၊ အဲ့လိုကိုး။ ကျွန်တော်က အက်ရှင်ကား ကြိုက်တယ်။

သူငယ်ချင်း : အယ်၊ ကျွန်မလည်း အက်ရှင်ကားတွေ အရမ်းကြိုက်တယ်။

## 33　どのぐらい日本語を勉強していますか

**[33-1]**

သင် : တွေ့ရတာဝမ်းသာပါတယ်။ ချန်းလို့ ခေါ်ပါတယ်။ စီးပွားရေးဘာသာရပ်ဌာနက တတိယနှစ် ကျောင်းသူပါ။

အာဒံ : အာ၊ တွေ့ရတာဝမ်းသာပါတယ်။ အာဒံလို့ ခေါ်ပါတယ်။ မနှစ်က အမေရိကားကနေ လာခဲ့တာပါ။

တက္ကသိုလ် စတုတ္ထနှစ်ကျောင်းသားပါ။

သင် : အာဒံက ဂျပန်ဘာသာစကား အလွန် တော်တယ်နော်။

ဘယ်လောက်ကြာအောင် ဂျပန်စကားကို လေ့လာခဲ့တာလဲ။

အာဒံ : အင်းနော်....။ အလယ်တန်းကျောင်းသားအရွယ်ကတည်းကဆိုတော့....၈နှစ်လောက်တောင်ရှိပြီ။

**[33-2]**

သင် : ဘာကြောင့် ဂျပန်ဘာသာစကားကို လေ့လာဖို့ တွေးခဲ့တာလဲ။

အာဒံ : စစချင်းက အန်နီမေးရှင်းကြောင့်ပါ။

အလယ်တန်းကျောင်းသား အရွယ်တုန်းက ပထမဆုံး စကြည့်ပြီး ဂျပန်ဘာသာစကားကို လေ့လာကြည့်ချင်တယ်လို့ တွေးမိခဲ့တာပါ။

သင် : ဟုတ်လား။ အကြောင်းအရင်း လမ်းစက အန်နီမေးရှင်း ဖြစ်ခဲ့တာပေါ့နော်။

အာဒံ : ဟုတ်တယ်။ ဒါပေမယ့် အခုက ဘွဲ့လွန်မှာ ဂျပန် စာပေပညာရပ်ကို သုတေသနလုပ်ချင်လို့ နေ့တိုင်း စာအုပ်တွေ အများကြီး ဖတ်နေပါတယ်။

သင် : စာပေပညာရပ် သုတေသနလား။ ခက်ခဲမယ့်ပုံပဲ......။ ဒါပေမယ့် စိတ်ဝင်စားစရာတော့ ကောင်းမယ့်ပုံပဲနော်။

## 34　休みはどこか行きましたか

**[34-1]**

သင် : နာကာ့မုရ၊ ပိတ်ရက်က တနေရာရာ သွားခဲ့လား။

နာကာ့မုရ : ဟုတ်။ မိသားစုနဲ့ ပင်လယ် သွားခဲ့တယ်။ စနေနေ့က ရာသီဥတု အလွန် ကောင်းခဲ့တယ်လေ။

သင် : ကောင်းလိုက်တာနော်။ ပင်လယ်မှာ ရေကူးခဲ့လား။

တနက  : အဲ့ဒါက ရေတွေက အလွန် အေးနေသေးတာမို့ ရေမကူးခဲ့ရဘူး။

ဒါပေမယ့် ပင်လယ်ကို ကြည့်ရင်းနဲ့ ဘာဘီကျူး လုပ်စားခဲ့တယ်။

ဘာဘီကျူးမှာ ငါးကို ကင်စားခဲ့တာက ပထမဆုံးဆိုပေမယ့် အလွန် အရသာရှိခဲ့တယ်။

သင် : ဟုတ်လား။

**[34-2]**

သင် : ဘာဘီကျူးလုပ်ပြီးတဲ့နောက် ဘယ်လိုလုပ်ခဲ့လဲ။

နာကာ့မုရ : စနေနေ့က ပင်လယ်နားမှာ တည်းပြီး၊ တနင်္ဂနွေနေ့က ရှော့ပင်းမောလ်သို့ သွားခဲ့တယ်။

သင် : ဟယ်။ တခုခု ဝယ်ခဲ့သေးလား။

နာကာ့မုရ : ကျွန်တော်က ဖိနပ်ဝယ်ချင်ခဲ့ပေမယ့် အဆင်ပြေတာ မရှိလို့……။

အဲ့ဒါနဲ့ ဘာမှ မဝယ်ပဲနဲ့ ရုပ်ရှင်ကြည့်ပြီး ပြန်ခဲ့ကြတယ်။

ကလေးတွေက “ကြိုက်တဲ့ကာတွန်းစာအုပ်က ရုပ်ရှင်အဖြစ်ပြရင် အဲ့ဒါကို ကြည့်ချင်တယ်” လို့ ပြောနေလို့……။

မသိတဲ့ကာတွန်းစာအုပ် အကြောင်းအရာ ဆိုပေမယ့် စိတ်ဝင်စားစရာကောင်းခဲ့ပါတယ်။

သင် : တော်သေးတာပေါ့နော်။

## 35　おすすめの場所はありますか

**[35-1]**

သင် : ဟိုလေ၊ ခိုဘာယရှိ၊ ဒီတခေါက် ခရီးသွားရင် အာကာ့နဲမြို့ကို သွားမလို့ လုပ်ထားတယ်။

ခိုဘာယရှိ : ဟယ်၊ ဟုတ်လား။

သင် : ခိုဘာယရှိက အာကာ့နဲမြို့က မွေးရပ်မြေနော်။ တနေရာရာ ညွှန်းချင်တဲ့နေရာ ရှိလား။

ခိုဘာယရှိ : အင်းနော်။ ဘူတာကနေ နည်းနည်းဝေးပေမယ့်လည်း တောင်ဘက်မှာ နာမည်ကြီးတဲ့ ရဲတိုက်တစ်ခုရှိပြီးတော့......

ဒီရာသီက ချယ်ရီပန်းတွေက လှတယ်။

ရဲတိုက်အရှေ့က ကွင်းပြင်မှာ ပန်းကြည့်တဲ့သူတွေများပြီး စည်ကားတယ်လေ။

သင် : ကောင်းသားပဲနော်။

**[35-2]**

သင် : တခုခု စားစရာ ညွှန်းချင်တာ ရှိလား။

ခိုဘာယရှိ : အင်းနော်။ အာကာ့နဲမြို့က ရာမန် နာမည်ကြီးပေမယ့် ငါးလည်း အရသာရှိတယ်။

သင် : ဟုတ်လား။

ခိုဘာယရှိ : ဆူရှီလည်း ကောင်းပေမယ့် ဒေသခံတွေရဲ့ငါးကို အသုံးပြုထားတဲ့ အီတလီစားသောက်ဆိုင်တွေကိုတော့ အညွှန်းချင်ဆုံးပဲ။

သင် : အီတလီဆိုင်လား။ ဆက်ဆက်သွားကြည့်ချင်တယ်။

## 36　ご利用は初めてですか

**[36-1]**

ဝန်ထမ်း : မင်္ဂလာနေ့လယ်ခင်းပါ။ ထရိန်နင်အခန်း အသုံးပြုမှုက ပထမဆုံးလား ခင်ဗျ။

သင် : ဟုတ်ကဲ့၊ ပထမဆုံးပါ။

ဝန်ထမ်း : အဲ့ဒါဆိုရင် အသုံးပြုပုံနည်းလမ်းကို ရှင်းပြမယ်နော်။

အရင်ဆုံး ဖိနပ်တွေကို ထရိန်နင်အခန်းမှာ မဖြစ်မနေ အခန်းတွင်းသုံး ဖိနပ်တွေကို ပြောင်းစီးပေးပါ။

အပြင်မှာ စီးထားတဲ့ ဖိနပ်တွေက မရပါဘူး။

သင် : နားလည်ပါပြီ။

ဝန်ထမ်း : ထို့နောက် ရေနှင့် အားကစားအချိုရည် စတဲ့ သောက်စရာတွေကို အထဲသို့ ယူလည်းရပေမယ့် ပလပ်စတစ်ဘူးလိုမျိုး အဖုံးပါတဲ့ ဘူးနဲ့ ယူဆောင်ပေးပါ။

သံဘူးနှင့် ခွက်က အထဲသို့ ယူဆောင်လို့ မရပါဘူး။

**[36-2]**

ဝန်ထမ်း : ပြီးတော့......စက်အသုံးပြုပုံနော်။

စက်အသုံးပြုပြီးတဲ့နောက် နောက်အသုံးပြုမည့်သူအတွက် တဘက်နဲ့ ချွေးတွေကို ပြန်သုတ်ခဲ့ပေးပါ။

သင် : နားလည်ပါပြီ။ ဟိုးမှာထားတဲ့ တဘက်တွေနော်။

ဝန်ထမ်း : ဟုတ်ပါတယ်။ အသုံးပြုပြီးသား တဘက်တွေကို ဟိုပုံးထဲသို့ ထည့်ပေးပါ။

ထို့နောက် စက်တစ်ခုကို အသုံးပြုချိန်သည် ၁၅ မိနစ်အထိပဲသုံးဖို့ မေတ္တာရပ်ခံပါတယ်။

သင် : ၁၅မိနစ်လား။

ဝန်ထမ်း : ဟုတ်ပါတယ်။ ထရိန်နင် လုပ်ပြီးရင် နေရာရွှေ့ပေးပါ။

တခြားလူ စောင့်နေမှာမို့ပါ။

စက်မှာထိုင်ပြီး အနားမယူဖို့ မေတ္တာရပ်ခံပါတယ်။

## 37　どんなイベント？

**[37-1]**

သူငယ်ချင်း : ဟိုလေ နောက်အပတ် ကျွန်တော့်ရဲ့ အတန်းမှာ ပွဲလုပ်မလို့ပါ။

သင် : အယ်၊ မိုက်လိုက်တာ။ ဘယ်လိုပွဲမျိုးလဲ။

သူငယ်ချင်း : အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲပါ။

ဂျပန်လူမျိုး ကျောင်းသားတွေနဲ့ ပညာတော်သင်ကျောင်းသားတွေ အတူတူ ဂိမ်းဆော့လိုက်၊

စကားပြောလိုက် လုပ်ကြမှာပါ။

သူငယ်ချင်း အများကြီး ရနိုင်တယ်။

သင် : ဟယ်၊ ဘယ်မှာလုပ်မလဲ။

သူငယ်ချင်း : A201စာသင်ခန်းမှာပါ။

**[37-2]**

သင် : အဲ့ဒီပွဲက ပျော်စရာကောင်းမယ့်ပုံပဲ။ ဘယ်တော့ လုပ်မှာလဲ။

သူငယ်ချင်း : နောက်အပတ် အင်္ဂါနေ့ ဇနာရီပါ။

သင် : နောက်အပတ် အင်္ဂါနေ့လား။......အာ၊ သွားနိုင်တယ်။

သူငယ်ချင်း : အိုး၊ ကောင်းပြီကွ။ ဒါဆိုရင်၊ အတည်ဖြစ်ပြီနော်။

သင် : အင်း။ လျှောက်ထားရမယ့်နည်းလမ်း ပြောပြဦး။

သူငယ်ချင်း : ဖုန်းတို့ မေးလ်တို့နဲ့ပဲဖြစ်ဖြစ်ရပေမယ့် ဒါကပိုလွယ်တယ်။

ဒီ Q R ကုဒ် ဖတ်လိုက်

## 38　お時間はどうされますか

**[38-1]**

ဆိုင်ဝန်ထမ်း : ဆိုင်မှကြိုဆိုပါတယ်။ ၂ ယောက် အသုံးပြုမှာလားရှင့်။

သင် : ဟုတ်ကဲ့၊ ဟုတ်ပါတယ်။

ဆိုင်ဝန်ထမ်း : အချိန်ကရော ဘယ်လိုလုပ်မလဲ။

သင် : ၂နာရီကြာ လုပ်ပေးပါ။

ဆိုင်ဝန်ထမ်း : အဖွဲ့ဝင်ကဒ်နဲ့ ကျောင်းသားကဒ် ရှိပါသလား။

သင် : အာ၊ ဟုတ်၊ ရှိပါတယ်။

**[38-2]**

ဆိုင်ဝန်ထမ်း : ဒါဆိုရင် အခန်းက ၅ထပ်က အခန်း ၅၀၃ပါ။

အချိုရည်က အဝသောက် ဖြစ်တာကြောင့် အချိုရည် ဘားကနေ စိတ်ကြိုက် ယူသုံးဆောင်ပါ။

အေးအေးဆေးဆေး အသုံးပြုကြပါ။

## 39　遅れないようお願いします

**[39-1]**

ဂိုက် : အဲ...အားလုံးပဲ Kenchō-ji ဘုရားကျောင်း ရဲ့ဝင်ပေါက်သို့ ရောက်ပါပြီ။

ဒီ Kenchō-ji ဘုရားကျောင်းက ၁၂၅၃ ခုနှစ်မှာ ဆောက်လုပ်ခဲ့ပြီး သမိုင်းကြောင်းရှိတဲ့ ဘုရားကျောင်း တစ်ခု ဖြစ်ပါတယ်။

ပြီးတော့ ကမာကူရမှာ အကြီးဆုံးသော ဘုရားကျောင်းဖြစ်ပြီး အထဲမှာ ကြည့်စရာနေရာ အများကြီး ရှိပါတယ်။

စားသောက်ဆိုင်သို့ သွားတာအထိ လွတ်လွတ်လပ်လပ် သွားလာလို့ရပါတယ်။

ဘုရားကျောင်းထဲ စိတ်ကြိုက်နေရာကို အခုကစပြီး တစ်နာရီကြာ လွတ်လွတ်လပ်လပ် လေ့လာကြည့်ရှုပါ။

**[39-2]**

ဂိုက် : ဘုရားကျောင်းကို လေ့လာကြည့်ရှုပြီးတဲ့နောက် ၁၁ နာရီခွဲမှာ နောက်တစ်နေရာ နေ့လယ်စာ စားမယ့် စားသောက်ဆိုင်သို့ သွားကြပါမယ်။

၅မိနစ်အလို ၁၁ နာရီ ၂၅ မိနစ်မှာ စုဝေးပေးပါ။

စုဝေးရမယ့်နေရာက ကားပါကင် အဲ... ခုနက ဘတ်စ်ကားကနေ ဆင်းခဲ့တဲ့နေရာမှာပဲ ဖြစ်ပါတယ်။

အားလုံး လူစုံပြီဆိုရင် စားသောက်ဆိုင်ကို သွားမှာဖြစ်တဲ့ အတွက်ကြောင့် နောက်မကျအောင် ဂရုစိုက်ပေးပါ။

## 40　SNS にアップしても大丈夫です

**[40-1]**

ဝန်ထမ်း ： အားလုံးပဲ ဒီနေ့ စက်ရုံကို လာရောက် လေ့လာကြည့်ရှုပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။

ပထမဦးစွာ ဓာတ်ပုံရိုက်ကူးခြင်းနှင့်ပတ်သက်ပြီး မေတ္တာရပ်ခံစရာလေးတွေ ရှိပါတယ်။

စက်ရုံထဲမှာ လွတ်လပ်စွာ ဓာတ်ပုံရိုက်ကူးလို့ရပေမယ့် Flash မီးကို အသုံးမပြုပါနဲ့။

ထို့နောက် စမတ်ဖုန်းနဲ့ ကင်မရာကို  မဖြစ်မနေ လက်ကကိုင်ပြီး ရိုက်ကူးဖို့ မေတ္တာရပ်ခံပါတယ်။

သုံးချောင်းထောက်တိုင် နှင့် ဆယ်လ်ဖီတုတ်တံ အသုံးပြုခြင်းက အန္တရာယ်များတဲ့ အတွက်ကြောင့် ရှောင်ကြဉ်ပေးပါ။

**[40-2]**

ဝန်ထမ်း ： အယ်....ပြီးတော့ SNS ပေါ်တင်ခြင်းနှင့်ပတ်သက်ပြီး ရှင်းပြပါမယ်။

ဒီနေ့ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေက SNS ပေါ်တင်လို့ရပါတယ်။

ဒါပေမယ့် အခြားဧည့်သည်တွေနဲ့ ဝန်ထမ်းတွေပုံ ပါနေတဲ့ ဓာတ်ပုံကို မတင်ပါနဲ့။

မုန့်နဲ့ စက်ပစ္စည်း ဓာတ်ပုံတွေပဲ ဆိုရင်တော့ ကိစ္စမရှိပါဘူး။

စည်းကမ်းလေးတွေကို လိုက်နာပြီး ပျော်ပျော်ရွှင်ရွှင် လေ့လာကြည့်ရှုကြပါ။

## 41 初めてなんですが…

**[41-1]**

ညှော်ကြိုဝန်ထမ်း : မင်္ဂလာနေ့လယ်ခင်းပါ။

သင် : ဟိုလေ ပထမဆုံးပါ။

ညှော်ကြိုဝန်ထမ်း : အာ၊ ဟုတ်ကဲ့ပါ။ ဘိုကင်လုပ်ထားပါသလား။

သင် : ဟုတ်ကဲ့။ အင်တာနက်ကနေ ၁၁ နာရီ ဘိုကင်ယူထားပါတယ်။

ညှော်ကြိုဝန်ထမ်း : ၁၁ နာရီမှာ ဘိုကင်ယူထားတဲ့ ခန်း နော်။ ဒါဆိုရင် ကိုယ်ပိုင်နံပါတ်ကဒ်ကို ပြပေးပါ။

**[41-2]**

ညှော်ကြိုဝန်ထမ်း : ဒါဆိုရင် ဒီမေးခွန်းစာရွက်မှာ နေရပ်လိပ်စာ၊ အမည်၊ ဒီနေ့ ရောဂါအခြေအနေ စတာတွေကို ရေးပေးပါ။

ကျေးဇူးပြုပြီး ဟိုးဘက်က ဆိုဖာမှာ ထိုင်ပေးပါ။

သင် : ဟုတ်ကဲ့။

## 42　しばらく家で休んでください

**[42-1]**

ဆရာဝန် : ဂါရှုရှိအာ ဒဏ်ရာရထားတဲ့ နေရာကို တတ်နိုင်သလောက် မလှုပ်ရှားမိအောင် ခဏလောက် အိမ်မှာ အနားယူပါနော်။

သင် : နားလည်ပါပြီ။ ဟိုလေ ရေချိုးကန်စိမ်လို့ရလား။

ဆရာဝန် : ဒီနေ့ကတော့ မလုပ်ပဲနေပါ။ ခန္ဓာကိုယ်ကို သုတ်ရုံပဲ လုပ်ပါ။

သင် : နားလည်ပါပြီ။ ကျေးဇူးတင်ပါတယ်။

**[42-2]**

သင် : ဟိုလေ သဘက်ခါ ဘောလုံးကန် လေ့ကျင့်ဖို့ရှိလို့ပါ...လုပ်လို့ရမလား။

ဆရာဝန်  : သဘက်ခါလား။ သဘက်ခါကတော့ မရသေးဘူးနော်။

သင် : ဟုတ်လား။ ဟိုလေ ဘယ်တော့လောက်ကစပြီး ပြန်လေ့ကျင့်နိုင်မလဲ။

ဆရာဝန် : အင်းနော်။ ချက်ချင်းကတော့ ခက်ခဲမယ်လို့ ထင်တယ်။

ခဏတော့ မလေ့ကျင့်ပါနဲ့ဦး။

ပြီးတော့ တစ်ပတ်ကြာပြီးရင် ပြန်လာပြပါ။ အဲ့ဒီအခါကျရင် စဉ်းစားကြတာပေါ့။

သင် : ဟုတ်ကဲ့၊ နားလည်ပါပြီ။

## 43　あまり飲まないようにしています

**[43-1]**

သင် : အိရှိခါ့ဝရော သောက်စရာ ဘာမှာမလဲ။

အိရှိခါ့ဝ : အဲ.....ဒါဆိုရင် အူလုံလက်ဖက်ရည် ပေးပါ။

သင် : ဟယ် အရက် မသောက်ဘူးလား။

အိရှိခါ့ဝ : ဟုတ်တယ်၊ အရက်က အရမ်းကြိုက်ပေမယ့် ဆရာဝန်က သောက်လွန်းတာ မကောင်းဘူးလို့ ပြောထားလို့......။

အခုတလော သိပ်မသောက်မိအောင်နေနေတာပါ။

သင် : သြော်၊ ဟုတ်လား။ အဲ့ဒါဆို သတိထားတာ ကောင်းမယ်နော်။

**[43-2]**

အိရှိခါ့ဝ : အခြားလည်း အမျိုးမျိုး သတိထားနေရသေးတယ်လေ။

သင် : ဟယ်။ ဘယ်လိုဟာမျိုးလဲ။

အိရှိခါ့ဝ : အဲ....ငန်တဲ့အရာတွေ ကြိုက်ပေမယ့် သိပ်မစားဖြစ်အောင်နေတယ်။

နေ့လယ်စာက အမြဲတမ်း စတိုးဆိုင်မှာ ဝယ်တာဆိုပေမယ့် ဆားဓာတ် နည်းတဲ့အရာမျိုးကို ရွေးချယ်စားဖြစ်နေတယ်။

သင် : အာ၊ အဲ့ဒါက အရေးကြီးတဲ့ကိစ္စပဲနော်။

အိရှိခါ့ဝ : ပြီးတော့ အားကစားလုပ်နေတယ်။

မနက်တိုင်း ကုမ္ပဏီ မရောက်ခင် ရှေ့တစ်ဘူတာမှာ ဆင်းပြီးတော့ မိနစ် ၂၀ လောက် လမ်းလျှောက်နေတယ်။

ပြီးတော့ အနွေးပြေးခြင်းကိုလည်း စလုပ်နေတယ်။ အလုပ်ပြီးသွားရင် ၁ နာရီလောက် ပြေးဖြစ်တယ်။

သင် : ကောင်းလိုက်တာနော်။ ကျွန်မလည်း လိုက်လုပ်ကြည့်ရမယ်။

## 44　どうぞお大事になさってください

**[44-1]**

ဆေးဆိုင်ဝန်ထမ်း : စောင့်လိုက်ရတာ အားနာပါတယ်။ ဒီနေ့က အလက်ဂျစ်ပျောက်ဆေး ပေးထားပါတယ်။

ပထမဦးစွာ ဒီဟာက မျက်စဉ်းဆေးပါ။ မျက်လုံးယားယံမှုကို သက်သာစေပါတယ်။

သင် : ဟုတ်ကဲ့။

ဆေးဆိုင်ဝန်ထမ်း : ဒါဆိုရင် ဒီဟာကို တစ်နေ့၂ကြိမ် မနက်နှင့်ည အသုံးပြုပါ။

**[44-2]**

ဆေးဆိုင်ဝန်ထမ်း : ထို့နောက် ဒီဟာက သောက်ဆေးပါ။ နှာချေတာနဲ့ နှာရည်ကျတာကို ရပ်တန့်စေတဲ့ဆေးပါ။

တစ်ရက် ၁ကြိမ် မနက်စာစားပြီးရင် သောက်ပါ။ တစ်ပတ်စာပါ။

သင် : ဟုတ်ကဲ့၊ နားလည်ပါပြီ။

ဆေးဆိုင်ဝန်ထမ်း : ဒီဆေးက နည်းနည်း အိပ်ချင်လာမှာဖြစ်တဲ့အတွက် သတိထားပါ။

သင် : ဟုတ်ကဲ့။

ဆေးဆိုင်ဝန်ထမ်း : ဒါဆိုရင် ကျန်းမာရေး ဂရုစိုက်ပါ။

သင် : ကျေးဇူးတင်ပါတယ်။

## 45　お名前をお願いします

**[45-1]**

သူနာပြု : နာမည်လေး ပြောပေးပါ။

သင် : လီရှန်းပါ။

သူနာပြု : ဒါဆိုရင် လက်တစ်ဖက်ဖက်ကို ဒီနေရာမှာတင်ပြီး လက်ဖဝါးကို ဖွဖွလေး ဆုပ်ထားပါ။

**[45-2]**

သူနာပြု : အရက်ပျံပိုးသတ်တာကြောင့် အရေပြားနီမြန်းတာမျိုး ဖြစ်ဖူးလား။

သင် : ဟင့်အင်း၊ မဖြစ်ဖူးပါဘူး။

သူနာပြု : နားလည်ပါပြီ။ စိတ်အခြေအနေမကောင်းဖြစ်လာရင် ချက်ချင်းပြောနော်။

......ဟုတ်ကဲ့၊ ပြီးသွားပြီ။ ပင်ပန်းသွားပါပြီ။

ဒီနေရာကို ၅ မိနစ်လောက် လက်ချောင်းနဲ့ ဖိထားပေးပါ။ မနိုပ်နဲ့နော်။

သင် : နားလည်ပါပြီ။ ကျေးဇူးတင်ပါတယ်။

## 46　お給料について説明します

**[46-1]**

ဆိုင်မန်နေဂျာ ： ဒါဆိုရင် လစာနဲ့ ပတ်သက်ပြီး ရှင်းပြမယ်နော်။ တစ်နာရီလုပ်အားခက အခြေခံအားဖြင့် ၁၃၀၀ ယန်းပါ။

ညနေ ၅နာရီ နောက်ပိုင်းက ယန်း၁၀၀ ပိုမြင့်ပါတယ်။

သင် ： ဟုတ်ကဲ့၊ နားလည်ပါပြီ။

ဆိုင်မန်နေဂျာ ： ပြီးတော့ စနေ၊တနင်္ဂနွေက ကြားရက်ထက် ယန်း၅၀ ပိုများပြီး အခြေခံ တစ်နာရီ လုပ်အားခ ၁၃၅၀ ယန်း ဖြစ်ပါမယ်။

သင် ： နားလည်ပါပြီ။ ကျေးဇူးတင်ပါတယ်။

**[46-2]**

သင် ： စိတ်မရှိပါနဲ့ မေးချင်တာလေးရှိလို့ပါ။

ဆိုင်မန်နေဂျာ ： မေးပါ။

သင် ： အဝတ်အစားနဲ့ ပတ်သက်ပြီး သတ်မှတ်ချက် ရှိလား။

ဆိုင်မန်နေဂျာ ： အာ၊ ဟုတ်။ ဟုတ်တယ်နော်။ ဆိုင်မှာက တူညီဝတ်စုံ အေပရွန် ဝတ်ရပါမယ်။

အဲ့ဒီအောက်မှာ ဝတ်တဲ့အဝတ်အစားကတော့ ကိုယ့်ဘာသာ ပြင်ဆင်ပါ။

အပေါ်က အဖြူရောင် ရှပ်အင်္ကျီကို ဝတ်ပါ။ အောက်က အနက်ရောင် ဘောင်းဘီ ဝတ်ပါ။ စကပ် ဝတ်လို့ မရပါဘူး။

သင် ： နားလည်ပါပြီ။ ကျေးဇူးတင်ပါတယ်။

## 47　来てもらえると助かるんだけど

**[47-1]**

ဆိုင်မန်နေဂျာ : စု ခဏလောက် အချိန်ရမလား

သင် : ဟုတ်ကဲ့၊ ဆိုင်မန်နေဂျာ။ ဘာကိစ္စများပါလဲ။

ဆိုင်မန်နေဂျာ : နောက်အပတ် ဗုဒ္ဓဟူးနေ့လေ ယာမရှိတက ရုတ်တရက် ခွင့်ယူလိုက်လို့......။

အားနာပေမယ့် ယာမရှိတ အစား အလုပ်ချိန်ဝင်ပေးလို့ရနိုင်မလား။

သင် : နားလည်ပါပြီ။ အဆင်ပြေပါတယ်။

ဆိုင်မန်နေဂျာ : ကျေးဇူးပါ။ အကူအညီဖြစ်ပါတယ်။

**[47-2]**

ဆိုင်မန်နေဂျာ : ပြီးတော့ ဒီလကုန် စနေနေ့၂၉ ရက်နေ့ အလုပ်များမယ့်ပုံပဲ။

၂၊ ၃နာရီလောက်ပဲ ဖြစ်ဖြစ် အဆင်ပြေတာမို့ လာပေးရင် အကူအညီဖြစ်မှာပဲ။

သင် : တောင်းပန်ပါတယ်။ အဲ့နေ့ကတော့ ......

## 48　野菜を切ってもらえる？

**[48-1]**

ဆိုင်မန်နေဂျာ ： အာ၊ လျှူး၊ မင်္ဂလာပါ။ ဒီနေ့က အရင်ဆုံး သန့်ရှင်းရေး လုပ်ပေးလို့ရမလား။

လေထုက မကောင်းတဲ့အတွက်ကြောင့် အရင်ဆုံး ပြတင်းပေါက် အားလုံး ဖွင့်ပေးပါလား။

သင် ： ဟုတ်ကဲ့၊ နားလည်ပါပြီ။

ဆိုင်မန်နေဂျာ ： ပြီးရင် ခါတိုင်းလိုပဲ ဟောခန်း ကြမ်းပြင်ကို ဖုန်စုပ်ပေးပါ။

စားပွဲတွေက သုတ်ပြီးပြီမို့ မလိုတော့ပါဘူး။

သင် ： ဟုတ်ကဲ့၊ နားလည်ပါပြီ။

ဆိုင်မန်နေဂျာ ： ပြီးတော့ အိမ်သာ သန့်ရှင်းရေးလည်း ကျွန်မပဲ လုပ်ထားလိုက်ပါ။ ဒါဆိုရင် တောင်းဆိုပါတယ်နော်။

**[48-2]**

ဆိုင်မန်နေဂျာ ： လျှူး၊ ပြီးရင် ဟင်းသီးဟင်းရွက်တွေ ပြင်ဆင်နော်။ ဒီနေရာမှာရှိတဲ့ ဟင်းသီးဟင်းရွက်တွေကို လှီးပေးပါလား။

သင် ： ဟုတ်။ နားလည်ပါပြီ။

ဆိုင်မန်နေဂျာ ： ဂေါ်ဖီက မျှင်မျှင်လေးတွေ လှီးပါ။

သင် ： ဟုတ်ကဲ့၊ မျှင်မျှင်လေးနော်။ နားလည်ပါပြီ။ မုန်လာဥနီလည်း လှီးရမလား။

ဆိုင်မန်နေဂျာ ： အင်း၊ မုန်လာဥနီက အဝိုင်းလေးတွေ လှီးနော်။

သင် ： ဝ့ါဂီရိ....

ဆိုင်မန်နေဂျာ ： အာ၊ ဝ့ါဂီရိဆိုတာက အဝိုင်းပုံစံလေ။ လှီးဖြတ်တဲ့နေရာ အဝိုင်းလေးဖြစ်အောင် လှီးပါ။

သင် ： အာ၊ ဟုတ်ကဲ့။ နားလည်ပါပြီ။

## 49　何かいい方法がありますか

**[49-1]**

သင် : အိတိုး၊ ကျွန်တော်၊ တော်တော်နဲ့ ဟင်းလျာ နာမည်တွေကို မမှတ်မိလို့၊ နည်းလမ်းကောင်း တခုခု ရှိလား။

အိတိုး : ကျွန်မလည်း စစချင်းက ခက်ခဲခဲ့တယ်။ ကျွန်မလည်း စမတ်ဖုန်းနဲ့ ဟင်းလျာပုံတွေကို ရိုက်ယူပြီး အိမ်မှာ အကြိမ်ကြိမ် ပြန်ကြည့်ခဲ့တယ်။

သင် : ဓာတ်ပုံလား။ အဲ့ဒါကောင်းသားပဲနော်။

အိတိုး : ပြီးတော့ အချိန်ပိုင်းလုပ်နေစဉ်အတွင်း ဟင်းလျာနာမည်တွေကို အကြိမ်ကြိမ် အတည်ပြုဖြစ်အောင် လုပ်နေခဲ့တယ်။

သင် : ကောင်းသားပဲနော်။ မနက်ဖြန်ကစပြီး လုပ်ကြည့်မယ်။

**[49-2]**

သင် : အိတိုး၊ နောက်တစ်ခုလောက် မေးလို့ရမလား။

အိတိုး : ဟုတ်ကဲ့၊ ဘာများလဲ။

သင် : ခုနက ဧည့်သည်ဆီမှာ “ဟင်းတွေက ကြာတယ်” လို့ စိတ်ဆိုးခံရလို့……။

အိတိုး : အား၊ အဲ့ဒါ မလွယ်ဘူးနော်။

သင် : ဟုတ်တယ်။ ရုတ်တရက် ပြောခံလိုက်ရလို့ …… အကြောင်းအရင်းကို မရှင်းပြနိုင်ခဲ့ဘူး။

အိတိုး : အံ့အားသင့်သွားမှာပဲနော်။

ဒါပေမယ့် အဲ့ဒီအချိန်မျိုးမှာ အကြောင်းအရင်းကို မရှင်းပြခင် အရင်ဆုံး “စောင့်ဆိုင်းခိုင်းမိတဲ့အတွက် တောင်းပန်ပါတယ်”လို့ တောင်းပန်ဖို့က အရင်နော်။

သင် : ဟုတ်သားပဲနော်။

အိတိုး : အင်း ပြီးတော့မှ ချက်ချင်း ဆိုင်မန်နေဂျာကို အစီအရင်ခံပါ။

## 50　席を外しております

**[50-1]**

သင် : ဟုတ်ကဲ့ မိဒိုးရိကုန်သွယ်ရေးအရောင်းဌာနက ပါ့ခု ဖြစ်ပါတယ်။

ခိမုရ : အမြဲတမ်း ကူညီစောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ စင်ထရယ် စစ်စတမ်က ခိမုရ လို့ခေါ်ပါတယ်။

ယာမဒ ဌာနခွဲမှူး ရှိပါသလား။

သင် : တဆိတ်လောက်။ ယာမဒက အခု နေရာမှာ မရှိလို့ပါ။

ခိမုရ : ဟုတ်လား။ ပြီးခဲ့တဲ့ရက်က ပို့ပေးခဲ့တဲ့ စာရွက်စာတမ်းတွေ အကြောင်း ပြောချင်တာလေး ရှိလို့ပါ။

**[50-2]**

ခိမုရ : ဟိုလေ၊ ယာမဒနဲ့ တိုက်ရိုက် စကားပြောချင်တာမို့ နောက်မှ ဒီဘက်ကနေ ထပ်ပြီး ဖုန်းပြန်ဆက်ပါမယ်။

သင် : ဟုတ်ကဲ့။ နားလည်ပါပြီ။ ရှေ့ဆက်ပြီးလည်း ကူညီပေးပါဦးနော်။

## 51　どんなかばんでしょうか

**[51-1]**

ကုန်တိုက်ဝန်ထမ်း : ဖုန်းခေါ်ဆိုမှုအတွက် ကျေးဇူးတင်ပါတယ်။

ဝါကာ့ဘာ ကုန်တိုက် ဝန်ဆောင်မှု စင်တာက ဖြစ်ပါတယ်။

ဘယ်လို အကြောင်းကိစ္စများပါလဲရှင့်။

သင် : ဟိုလေ.... လွယ်အိတ် မေ့ခဲ့လို့ပါ။

**[51-2]**

ကုန်တိုက်ဝန်ထမ်း : နားလည်ပါပြီ။ ဘယ်လိုလွယ်အိတ်မျိုးလဲ။

သင် : အနက်ရောင်ဖြစ်ပြီး ကြီးမားတဲ့ ကျောပိုးအိတ်ပါ။

ကုန်တိုက်ဝန်ထမ်း : အနက်ရောင် ကျောပိုးအိတ်ကြီးနော်။

တခုခု အပြင်ကနေ သိသာတဲ့ အမှတ်အသား ရှိလား။

သင် : ယုန်အရုပ် ကီးချိန်းလေး တပ်ထားပါတယ်။

## 52 Wi-Fi がつながらなくて…

**[52-1]**

အကူအညီပေးသူ : ဟုတ်ကဲ့၊ အကူအညီပေးရေးစင်တာ ဖြစ်ပါတယ်။ ဘာများဖြစ်လို့ပါလဲ။

သင် : တဆိတ်လောက်၊ Wi-Fi ချိတ်မရလို့ပါ……

ကွန်ပျူတာမှာ အင်တာနက် သုံးလို့မရလို့ပါ။

အကူအညီပေးသူ : Wi-Fi နော်။ စိတ်အနှောင့်အယှက်ဖြစ်စေတာ တောင်းပန်ပါတယ်။

ဒါပေမယ့် တခေါက်လောက် ကျွန်တော် ပြောတဲ့အတိုင်း လုပ်ကြည့်ပေးလို့ ရမလား။

သင် : ဟုတ်ကဲ့။

အကူအညီပေးသူ : Wi-Fi ချိတ်ဆက်ပေးတဲ့စက်ကို သိလား။

စက်ရဲ့ပလပ်ကို ဆွဲချုတ်ကြည့်ပါ။

သင် : နားလည်ပါပြီ။

အကူအညီပေးသူ : တစ်မိနစ်လောက် စောင့်ပြီးရင် စက်ရဲ့ပလပ်ကို ပြန်ထိုးကြည့်ပါ။

အခုလိုမျိုး Restart လုပ်ကြည့်ရင် ပြန်ချိတ်မိတာမျိုး ရှိပါတယ်။

**[52-2]**

သင် : အင်း၊ ထင်တဲ့အတိုင်း ချိတ်မရဘူး။

အကူအညီပေးသူ : ဟုတ်လား။ ဒါဆိုရင် လာပြင်ပေးပါမယ်။

အဲ…ပြင်တာက မနက်ဖြန် နေ့လယ် ၂ နာရီကနေ ၄ နာရီကြားဆိုရင် လာနိုင်ပါတယ်။ အဆင်ပြေပါသလား။

သင် : အဆင်ပြေပါတယ်။

အကူအညီပေးသူ : ဒါဆိုရင် မလာခင် ဒီဘက်ကနေ ဖုန်းဆက်လိုက်မှာမို့ ဖုန်းကိုင်လို့ရအောင်
လုပ်ထားပေးလို့ရမလား။

သင် : ဟုတ်ကဲ့၊ နားလည်ပါပြီ။ ကူညီဆောင်ရွက်ပေးပါ။

## 53　燃えないごみの日に出すんですよ

**[53-1]**

ဆာ့တိုး : မင်္ဂလာနံနက်ခင်းပါ။

သင် : အာ၊ ဆာ့တိုး၊ မင်္ဂလာနံနက်ခင်းပါ။

ဆာ့တိုး : အာ့မစ်တို၊ အဲ့ဒါက ဒယ်အိုးနော်။

သင် : အာ၊ ဟုတ်ပါတယ်။ ဟောင်းသွားပြီမို့ လွှင့်ပစ်မလို့ တွေးနေတာ။

ဆာ့တိုး : ဟိုလေ ဒီနေ့က အင်္ဂါနေ့ ဖြစ်တဲ့အတွက် မီးလောင်နိုင်တဲ့အမှိုက်ပစ်ရမယ့်နေ့လေ။

ဒယ်အိုးက သတ္တုဖြစ်တာမို့ ဒီနေ့က ပစ်လို့မရဘူး။

မီးမလောင်နိုင်တဲ့အမှိုက်ပစ်ရမယ့်နေ့ကြမှ ပစ်ရမှာလေ။

သင် : ဟုတ်လား။ မသိခဲ့ဘူး။

**[53-2]**

ဆာ့တိုး : မီးမလောင်နိုင်တဲ့ အမှိုက်က ဒုတိယအပတ်နဲ့ စတုတ္တအပတ် သောကြာနေ့ပါ။

ဒီအပတ် သောကြာနေ့က ကွက်တိ ဒုတိယအပတ် သောကြာနေ့ပဲနော်။

သင် : အာ၊ ဟုတ်လား။ နားလည်ပါပြီ။

ဆာ့တိုး : အာ၊ ပြီးတော့ အမှိုက်ပစ်ရမယ့်အချိန်ကိုလည်း သတိထားဦးနော်။

သင် : အချိန်လား။

ဆာ့တိုး : ဟုတ်တယ်။ မီးလောင်နိုင်တဲ့အမှိုက်ရော၊ မီးမလောင်နိုင်တဲ့အမှိုက်ရော၊ သယံဇာတ အမှိုက်ရော အားလုံး မနက် ၈နာရီမှာ ထုတ်ပါနော်။

## 54　火事ですか、救急ですか

**[54-1]**

119 ဖုန်း  : 119 ကပါ။ မီးလောင်မှုလား။ အရေးပေါ် လူနာတင်ယာဉ်လား။

သင် : အရေးပေါ်လူနာတင်ယာဉ်ပါ။

**[54-2]**

119 ဖုန်း  : ဘယ်လိုဖြစ်တာလဲ။

သင် : အဲ....စက်ဘီးစီးလာတဲ့သူက ကားနဲ့တိုက်မိလို့ပါ။

119 ဖုန်း  : နားလည်ပါပြီ။ အရင်ဆုံး နေရာကို ပြောပြပေးပါ။

သင် : ဟိုလေ ဗဟို စာတိုက် အရှေ့က လမ်းမှာပါ။

119 ဖုန်း  : ဗဟို စာကြည့်တိုက် အရှေ့နော်။ ဒဏ်ရာရထားတဲ့လူရဲ့အခြေအနေက ဘယ်လိုလဲ။

သင် : အာ... ဦးခေါင်းကို ရိုက်မိတဲ့ပုံပေါ်  ပြီး နာတယ်လို့ ပြောနေပါတယ်။ သွေးတော့ မထွက်ဘူး။

119 ဖုန်း  : နားလည်ပါပြီ။ အခု လူနာတင်ယာဉ် ဦးတည်လာနေပါပြီ။

ရောက်လာတဲ့အထိ လူနာအနားမှာနေပြီး အသံပေးနေပေးပါ။

ဒဏ်ရာရတဲ့သူကို မရွှေ့ပါနဲ့။

ထို့နောက် အချက်ပေးသံ ကြားရရင် လက်ကို လှုပ်ယမ်းပြပြီး အချက်ပြပါ။

သင် : ဟုတ်ကဲ့၊ နားလည်ပါပြီ။

## 55　避難してください

**[55-1]**

အခု မီးလောင်မှု ဖြစ်ပွားနေပါတယ်။ အဆောက်အအုံ နံပါတ် ၄၊ ၂ထပ်က အခန်း ၂၁၃ လက်တွေ့စမ်းသပ်ခန်းကနေ မီးခိုးတွေ ထွက်နေပါတယ်။ ကျောင်းသားနဲ့ ဆရာများအားလုံး စိတ်ငြိမ်ငြိမ်ထားပြီး အလျင်အမြန် ကွင်းပြင်သို့ တိမ်းရှောင်ပါ။

**[55-2]**

အရေးပေါ်ထွက်ပေါက်ကနေ ကွင်းပြင်သို့ ထွက်ပြေးတိမ်းရှောင်ပါ။ မီးခိုးငွေ့တွေကို မရှူမိအောင် ခန္ဓာကိုယ်ကို နှိမ့်ပြီး လျှောက်ပါ။ လက်ကိုင်ပုဝါ စသည်ဖြင့် ပါးစပ်နဲ့ နှာခေါင်းကို ဖုံးအုပ်ပါ။ ဓာတ်လှေကားကို အသုံးမပြုပဲ လှေကားကိုအသုံးပြုပါ။